Permanent Mission of the Republic of the Union of Myanmar to the United Nations Office and other International Organizations

## ရခိုင်ပြည်နယ် အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားခြင်း

ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အပေါ် ကမ္ဘာ့အာရုံစိုက်မှု၊ ဝေဖန်မှုများ ကြီးမားများပြားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ယင်းသို့သော အခြေအနေနှင့် စိန်ခေါ်မှုများကို ပြည်သူ၏ထောက်ခံမှု၊ ယုံကြည်မှု၊ ညီညွတ်မှု အင်အားဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်သည်နှင့်အညီ **“ရခိုင်ပြည်နယ်အတွင်း လူသား ချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း”** (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်တာဝန် ယူလျက် ၁၇-၁၀-၂၀၁၇ ရက်က ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

ဖော်ပြပါစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံသားများ၊ ပြည်တွင်း NGO/ CSO ကုလသမဂ္ဂအေဂျင်စီများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မိတ်ဆွေနိုင်ငံများကိုလည်း ဝိုင်းဝန်းကူညီပေးသွားရန် ဖိတ်ခေါ်ထားပါသည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများထံမှ လက်ရှိအချိန်အထိ စီမံကိန်းအတွက် အလှူငွေကျပ် သိန်းပေါင်း ၁၇,၀၀၀ လက်ခံရရှိပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ပြည်ပရောက်မြန်မာနိုင်ငံသားများ/မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံတော် အပေါ် စေတနာထားသော မိတ်ဆွေများအနေဖြင့်လည်း မိမိစေတနာအလျောက် ပါဝင်ကူညီလိုပါက အောက်ဖော်ပြပါဘဏ်ငွေစာရင်းများသို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း၊ ဘဏ်မှတစ်ဆင့် ထည့်ဝင်ရန် အခက်အခဲရှိပါက မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့၌ အောက်ဖော်ပြပါလိပ်စာသို့ဆက်သွယ် လှူဒါန်း နိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်-

**မြန်မာကျပ်ငွေဖြင့် ဘဏ်စာရင်း-**
ဘဏ်အမည်။ မြန်မာ့စီးပွားရေးဘဏ်
ဘဏ်ခွဲ။ နေပြည်တော်
စာရင်းရှင် စာရင်းအမှတ်။ CF-003434

**အမေရိကန် ဒေါ်လာငွေဖြင့် ဘဏ်စာရင်း-**
Myanma Economic Bank
Bank Branch: Naypyitaw
Account Number: EDU 600002

အလှူငွေများထည့်ဝင်လှူဒါန်းခြင်းအတွက် မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ပြန်လည်ပေးပို့ သွားမည်ဖြစ်ပါသည်။

မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့။

ဆက်သွယ်ရန်
ဒေါ်အယ်လ်နန်မွန်း (ဒုတိယအတွင်းဝန်)
မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့။
ဖုန်း- ၀၂၂ ၉၀၆ ၉၈၇၀/ ၀၇၆ ၃၆၀ ၀၆၁၁
အီးမေးလ်- mission@myanmargeneva.org

၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်